ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၄၃)ရက်မြောက်နေ့ အစီအစဉ်

[ ၁၀–၆– ၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ စိုက်ပျိုးစရိတ်ချေးငွေ (အမတော်ကြေး) များကို တောင်သူများအနေဖြင့် စိုက်ပျိုးချိန်အမီ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တောင်သူ များအတွက် စိုက်ပျိုးစရိတ် ချေးငွေကိစ္စ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ တိုက်ကြီးမြို့နှင့် ဧရာဝတီ တိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာကြီးရှိ တော်လတီ တိုက်နယ်ရွာကြီးတွင် လှိုင်မြစ်ကြားခံနေပါသဖြင့် တော်လတီ– ကြာအင်းမြစ်ကူးတံတား သံပေါင်ဘေလီ တံတားတစ်စင်း တည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ နန့်ကဲချောင်း–ကျောက်ဆည် တာရိုး ရေတိုက်စားပျက်စီးခဲ့ခြင်းကြောင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအား စာသင်ကျောင်းများနှင့် အခြား ပညာရေးအဖွဲ့အစည်းများတွင် အသိပညာပေးရေးနှင့် နိုင်ငံပိုင် မီဒီယာများမှ ထည့်သွင်းအသိပညာပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် တည်ရှိသော သမိုင်းအစဉ်အလာကြီးမားသည့် စက်မှုလက်မှုသိပ္ပံ(GTI)ကျောင်းတော်ကြီးကို ယခင်အစဉ်အလာ ကောင်းနှင့်အညီ (GTI)ကျောင်းတော်ကြီး ပေါ်ပေါက်လာနိုင်ရေး အတွက် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၏ တိုင်းရင်းသား လူမျိုး များ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး တိုးတက်ရေး အတွက် အစိုးရကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား၊ စာပေသင်ကြားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ၊ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော “ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း” ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။